







# Cash for Work စီမံကိန်း ကျေးရွာလူထုစီမံကိန်းစက်ဝန်း




Cash for Work စီမံကိန်းသည်

- ကိုဗစ်ကာလအတွင်း ဝင်ငွေနည်း ကျေးလက်နေ ပြည်သူများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးခြင်းဖြင့် ချက်ချင်း ဝင်ငွေရရှိစေမည်။
- ကျေးရွာအခြေခံအဆောက်အအုံများ ဖွံ့ဖြိုး တိုးတက်စေမည်။
- စီမံကိန်းလုပ်ငန်းခွဲ အကောင်အထည်ဖော်ရာတွင် အမျိုးသမီးများမှ တူညီသော အလုပ်အကိုင် အခွင့်အလမ်းနှင့် တူညီသောလုပ်အားခ ရရှိခွင့်ရှိရမည်။
- စီမံကိန်းဒေသတွင်းရှိ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများသည်စီမံကိန်း လုပ်ငန်းခွဲများတွင် လက်လှမ်းမီ ပါဝင်နိုင်မှု ရရှိမည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန

COVID-19 Economic Relief Plan အရ ဆောင်ရွက်သည့်

# Cash for Work
# စီမံကိန်း



၂၀၂၀၊ ဇူလိုင်

# ဒါလေးတွေလည်း သိထားဖို့လိုမယ်

## ကျေးရွာအဆင့် စီမံကိန်း မိတ်ဆက်အစည်းအဝေးနှင့် ကော်မတီဖွဲ့စည်းခြင်း

- မြို့နယ်ကျေးလက်ဦးစီးဌာနရုံးမှ ဝန်ထမ်းများ၏ အနီးကပ် ကြီးကြပ်မှုနဲ့ ဆောင်ရွက်ရပါမယ်။
- ကျေးရွာသူ/သားများအားလုံးရဲ့ သဘောတူညီချက်နဲ့ ပါဝင်လုပ်ကိုင်မယ့်သူတွေ ရွေးချယ်ခြင်း၊ သင့်တော်မည့် လုပ်ငန်းတွေကို ဖော်ထုတ်ခြင်းတို့ ပြုလုပ်ရပါမယ်။
- ဆောင်ရွက်မယ့် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အဆိုပြုလွှာတွေ ပြင်ဆင်ပြီး သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဦးစီးဌာနသို့ ပေးပို့တင်ပြရပါမယ်။
- ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက စီမံကိန်းလုပ်ငန်းတွေကို စောင့်ကြည့်ကြီးကြပ်ပြီး လုပ်ငန်း တိုးတက်မှုကို ဓာတ်ပုံမှတ်တမ်းများနှင့်အတူ မြို့နယ်ကျေးလက်ဦးစီးဌာနသို့ အစီရင်ခံ တင်ပြရပါမယ်။

## လုပ်အားခ ပေးချေရန်အတွက် အကျိုးခံစားခွင့်ရရှိမယ့် အိမ်ထောင်စုများ ရွေးချယ်ရာမှာ

- ဒေသခံအလုပ်သမားတွေကို ဦးစားပေး ရွေးချယ်ရမယ်၊ ဒ့ါအပြင် စံသတ်မှတ်ချက် ၈ ချက် ဖြစ်တဲ့

  (၁) ဆင်းရဲသော အိမ်ထောင်စု (၂) အမျိုးသမီး ဦးဆောင်သော အိမ်ထောင်စု (၃) မိသားစုဝင် များသော အိမ်ထောင်စု (၄) သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါများ မိသားစုဝင်များ ပါရှိသည့် အိမ်ထောင်စု (၅) ပုံမှန်အလုပ်အကိုင်မရှိသော အိမ်ထောင်စု (၆) ကျေးရွာတွင် အနည်းဆုံး တစ်နှစ်အထက် နေထိုင်ပြီးသော အိမ်ထောင်စု (၇) စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရန် စိတ်အားထက်သန်သော အိမ်ထောင်စုတွေကို ဦးစားပေး ရွေးချယ်မှာ ဖြစ်ပါတယ်။

## ကျေးရွာအဆင့် ငွေကြေးစီမံခန့်ခွဲခြင်း

- လုပ်အားခ ပေးချေရာတွင် ငွေပေး/ငွေရပြေစာကို အသုံးပြုပြီး ပေးချေရမည်။ ငွေပေးချေသည့် အကြောင်းရင်းနှင့် ငွေလက်ခံရရှိသူ၏ အမည်၊ လက်မှတ်၊ မှတ်ပုံတင်အမှတ်၊ ရက်စွဲ အပြည့်အစုံ ပါရှိရမယ်။
- စီမံကိန်းလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ၊ ငွေပေးချေရာမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်တွေကို တိကျစွာ လိုက်နာဆောင်ရွက်ရမယ်။

## စောင့်ကြည့်ကြီးကြပ်ခြင်း

ကျေးရွာအဆင့် - ကျေးရွာဖွံ့ဖြိုးရေးကော်မတီက လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့် စစ်ဆေးရမယ်၊ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနဲ့ လုပ်ငန်းပြီးစီးမှု အခြေအနေတွေကို မှတ်တမ်းဓာတ်ပုံနှင့်အတူ မြို့နယ်ကျေးလက်ဦးစီးဌာနရုံးသို့ အစီရင်ခံ တင်ပြရမယ်။ ငွေစာရင်းရှင်းတမ်း ပုံစံတွေကို စနစ်တကျ ဖြည့်သွင်းပြီး မြို့နယ်ကျေးလက်ဦးစီးဌာနသို့ အစီရင်ခံ တင်ပြရမယ်။

## အကျိုးခံစားခွင့်ရှိတဲ့ အိမ်ထောင်စုလုပ်သားတွေ လိုက်နာဆောင်ရွက်ရမယ့် အချက်များ

(က) အိမ်ထောင်စုတစ်စုမှာ တစ်ဦးထက်ပိုပြီး ပါဝင်လုပ်ကိုင်ခွင့် မပြုရပါ။

(ခ) လုပ်ငန်း အကောင်အထည်ဖော်နေစဉ် ပါဝင်လုပ်ကိုင်သူအားလုံး အရက်သေစာနှင့် မူးယစ်ဆေးဝါး သောက်သုံးခြင်း မပြုရပါ။

(ဂ) မြို့နယ်အဆင့်ထုတ်ပြန်ထားတဲ့ ဒေသဆိုင်ရာ လိုက်နာရမယ့် စည်းကမ်းချက်တွေကို လိုက်နာ ဆောင်ရွက်ရမယ်။

(ဃ) စီမံကိန်းမှာ ပါဝင်ပတ်သက်သူများ အားလုံး ကိုယ်ကျိုးရှာခြင်း၊ အဂတိလိုက်စားခြင်း မပြုရပါ။

(င) တိုင်းရင်းသားလူနည်းစုများကို ချန်လှပ်ထားခြင်း မပြုရပါ။

(စ) လုပ်ငန်းခွင်အတွင်း ကလေးလုပ်သားများ ပါဝင်ဆောင်ရွက်ခြင်း မပြုရပါ။

(ဆ) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမည့် လုပ်ငန်းများ ဆောင်ရွက်ခြင်း မပြုရပါ။

(ဇ) လက်ရှိဖြစ်ပွားနေသော ကိုဗစ်ရောဂါ ကာကွယ်ရေး အစီအမံများကို လိုက်နာရပါမယ်။

## ကျေးရွာအဆင့်ကော်မတီ ဖွဲ့မယ်ဆိုရင်

- ကျေးလက်ဦးစီးက ဦးဆောင်ပြီး ကျေးရွာလူထုမှ ရွေးချယ်သော ကိုယ်စားလှယ် ဥက္ကဋ္ဌ ၁ ဦး၊ အဖွဲ့ဝင် ၃ ဦး၊ ငွေစာရင်းကိုင် ၁ ဦး၊ ဘဏ္ဍာရေးမှူး ၁ ဦး၊ အတွင်းရေးမှူး ၁ ဦး ရွေးချယ်ပြီး ကော်မတီ ဖွဲ့စည်းရပါမယ်။

* ကော်မတီအဖွဲ့ဝင်တွေက ကျေးရွာအတွက် အချိန်ပေးနိုင်သူ၊ ကျေးရွာတွင် အခြေချနေထိုင်သူ၊ အသက် (၁၈) နှစ်အထက် ရှိသူ၊ ကျေးရွာလူထုက ယုံကြည်အားကိုးသူဖြစ်ဖို့ လိုပါတယ်။

## ကျေးရွာဖွံ့ဖြိုးရေးကော်မတီရဲ့လုပ်ငန်းတာဝန် အကျဉ်းချုပ်တွေက

- ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူး - လုပ်ငန်းတိုးတက်မှု အစီရင်ခံစာတွေ မြို့နယ်ကျေးလက်ဦးစီးသို့ အစီရင်ခံ တင်ပြရမယ်။
- ဘဏ္ဍာရေးမှူးနှင့် ငွေစာရင်းကိုင် - ငွေကြေးဆိုင်ရာ ကိစ္စရပ်များ တာဝန်ယူ ဆောင်ရွက်ရမယ်။
- အဖွဲ့ဝင်များ - စီမံကိန်းလုပ်ငန်းတွေ အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ စောင့်ကြည့်ကြီးကြပ်ခြင်း၊ ဝယ်ယူရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊ ဝေဖန်အကြံပြုချက် ဖြေရှင်းရာမှာ ပံ့ပိုးကူညီခြင်းတို့ ဆောင်ရွက်ရပါမယ်။

**အရေးကြီးတာက ပစ္စည်းဝယ်ယူခြင်း၊ လုပ်အားခပေးချေခြင်းတွေကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမယ်၊ ငွေစာရင်း ရှင်းတမ်းကို လူအများမြင်သာအောင် ကြော်ငြာသင်ပုန်းမှာ ကပ်ထားရမယ်။**

**စီမံကိန်းလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ကိုဗစ်-19 ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်တွေကို တိကျစွာ လိုက်နာ ဆောင်ရွက်ရမယ်။**


လက်ကို ဆပ်ပြာ၊ ရေတို့ဖြင့် စက္ကန့် ၂၀ ကြာ စနစ်တကျ ဆေးကြောပါ။


ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျ ဝတ်ဆင်ပါ။


အများသုံးပစ္စည်းများကို ကိုင်တွယ်ပြီးတိုင်း လက်ကို သေချာစွာ ဆေးကြောပါ။


ရောဂါလက္ခဏာ ရှိနေသောသူများ (ဖျားခြင်း၊ ချောင်းဆိုးခြင်း)နှင့် အနီးကပ် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ပါ။

## ဝေဖန်အကြံပြုတိုင်ကြားရန် ဖုန်းနံပါတ်များ

**ပြည်ထောင်စုအဆင့်** - ၀၉ ၃၀၆၆၇၇၁၁၊ ၀၉ ၃၀၆၆၇၇၂၂

**တိုင်းဒေသကြီး/ပြည်နယ်အဆင့်** - ..................................

**မြို့နယ်အဆင့်** - ..................................................